ဆည်ကုန်းကျေးရွာ

မြင်းကန်ကျေးရွာအုပ်စု

မိတ္ထီလာမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၂ - ၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆည်ကုန်းကျေးရွာ၊ မိတ္ထီလာမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ

မာတိကာ

မာတိကာ ၂

၁. မိတ္ထီလာမြို့နယ်၊ မြင်းကန်အုပ်စု၊ ဆည်ကုန်းကျေးရွာ၏ သယံဇာတပြမြေပုံ ၃

၂. မိတ္ထီလာမြို့နယ်၊ မြင်းကန်အုပ်စု၊ ဆည်ကုန်းကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် ၄

၃. မိတ္ထီလာမြို့နယ်၊ မြင်းကန်အုပ်စု၊ ဆည်ကုန်းကျေးရွာ၏ ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ ၅

၄. မိတ္ထီလာမြို့နယ်၊ မြင်းကန်အုပ်စု၊ ဆည်ကုန်းကျေးရွာ၏ ကျေးရွာလက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၇

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၈

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၉

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၁၀

၄.စ။ ပညာရေး ၁၁

၄.ဆ။ ကျန်းမာရေး ၁၂

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၃


၄.ဈ။ ကျား – မ ရေးရာ ၁၄

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၅

နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၆
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၇
- နောက်ဆက်တွဲ ၃ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား ၁၈


၁. မိတ္ထီလာမြို့နယ်၊ မြင်းကန် အုပ်စု၊ဆည်ကုန်းကျေးရွာ၏ သယ်ဇာတပြမြေပုံ



၂. မိတ္ထီလာမြို့နယ်၊ မြင်းကန် အုပ်စု၊ဆည်ကုန်းကျေးရွာ၏ ရာသီခွင်ပြက္ခဒိန်



၃. မိတ္ထီလာမြို့နယ်၊ မြင်းကန် အုပ်စု၊ဆည်ကုန်းကျေးရွာ၏ ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ



၄. မိတ္ထီလာမြို့နယ်၊ခြင်းကန်အုပ်စု၊ ဆည်ကုန်းကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီအနေအထား

ဆည်ကုန်းကျေးရွာသည် မန္တလေးတိုင်းဒေသကြီး ၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် တွင် ပါဝင်သော ကျေးရွာ တစ်ရွာဖြစ်ပြီး မိတ္ထီလာမြို့၏ အနောက်ဘက် မိတ္ထီလာ-ကျောက်ပန်းတောင်း လမ်းမကြီး ဘေးတွင်ရှိပါသည်။ ဆည်ကုန်းကျေးရွာ၏ အနောက်ဘက်တွင် မုန်တိုင်ကျေးရွာ ၊ မြောက်ဘက်တွင်အိုင့် ကျေးရွာ ၊ တောင်ဘက်တွင် လယ်ကွင်းများရှိပြီး နယ်နိမိတ်ချင်း ထိစပ်လျက် ရှိသည်။ ဆည်ကုန်း ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော ကျေးရွာတစ်ရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်ရှိ လယ်မြေ၊ ယာမြေများမှာ အမြဲတမ်းစိမ်းလန်းစိုပြေ၍ သာယာလှပသော ကျေးရွာတစ်ရွာဖြစ်သည်။

၄.ခ။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ဆည်ကုန်းကျေးရွာ ၏ ရာသီဥတုအခြေအနေမှာ သာမန်အားဖြင့် နွေရာသီတွင် အပူချိန် ၃၀°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၂၅°C ရှိတက်ပါသည်။ မိုးရာသီတွင် တစ်ခါတရံ မိုးသည်းထန်စွာ ရွာသွန်း မှုများဖြစ်ပေါ်ပြီး တစ်ခါတရံ မိုးခေါင်ခြင်း ကြောင့် ရာသီဥတုမှုန်ကန်ခြင်းမရှိပါ။လယ်မြေများမှာ မိုးရေကိုသာ အဓိကထားစိုက်ပျိုးသည့်ကျေးရွာဖြစ်သည့်အတွက် နွေရာသီတွင် ရေရှားမှုနှင့် ရင်ဆိုင်ရသောအခါတွင် စိုက်ပျိုးရေရရှိရေးအတွက် မြေအောက်ရေအရင်းအမြစ်များမှ စက်ရေတွင်းများဖြင့် စိုက်ပျိုးရေကို ခက်ခဲစွာ သုံးစွဲခဲ့ကြရပါသည်။ယာမြေ (၅၅၀) ဧက နှင့် လယ်မြေ (၇၈) ဧကရှိသည်။

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဆည်ကုန်းကျေးရွာတွင် စီးပွားရေးအခြေပြုသောအဖွဲ့ နှင့်လူမှုရေးဆိုင်ရာအဖွဲ့အစည်းရှိသည်။ ၄င်း အဖွဲ့အစည်းများသည် ၄င်းတို့၏ အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင် လျှက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ အပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။ဆည်ကုန်းကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု များတွင်

အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပါင်းညှိနှိုင်း၍ ဘာသာရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သာသနာ့အကျိုးတော်ဆောင်များဖြစ်သော ဂေါပကလူကြီးများ အဖွဲ့ဖွဲ့စည်းပေး၍ ဘာသာရေး လုပ်ငန်းများတွင် စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာ လုပ်ငန်းများတွင် စာသင်ကျောင်း၏ အကျိုးတော်ဆောင်ကော်မတီများ ဖွဲ့စည်း၍စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်း များတွင် ကူညီဆောင်ရွက် ပေးနိုင်ရန်အတွက် နာရေးလူမှုကူညီရေးအသင်း ဖွဲ့စည်း၍ စီမံဆောင်ရွက်စေခြင်း၊ ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းများ၊ကျေးရွာပိုင် အဆောက်အဦများကို ပြုပြင်ထိန်းသိမ်းခြင်း၊ သာရေးနာရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာပိုင်ပစ္စည်းများ ထိန်းသိမ်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေရှာဖွေခြင်းများ လုပ်ဆောင်နိုင်ရန် အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ သာရေးနာရေးများတွင် ကူညီချက်ပြုတ်လုပ်ဆောင်ရန်အတွက် ထမင်းချက်အဖွဲ့များ ၊ ဟင်းချက်အဖွဲ့များ၊ ဓမ္မရောင်ခြည် လူငယ် ပရဟိတအဖွဲ့များ၊ အမျိုးသမီးပရဟိတအဖွဲ့၊ ထမင်းကျွေးတာဝန်များအား ဆယ်အိမ်မှူးများမှ စီမံခန့်ခွဲဦးဆောင်စေခြင်းစသောဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု များတွင် အဖွဲ့အစည်းလိုက် တာဝန်ပေးအပ် ၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ဆည်ကုန်းကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။စုစုပေါင်း အိမ်ထောင်စု၏ ၈၄% (၆၁၇ အိမ်ထောင်စု)သည် လယ်ယာစိုက်ပျိုးခြင်းကို ကိုယ်ပိုင် လုပ်ကိုင်ပြီး လယ်ယာလုပ်ငန်းကို အဓာ့ လုပ်ကိုင်သူအိမ်ထောင်စု အနည်းငယ်သာတွေ့ရှိရပါသည်။ အိမ်ထောင်စု အများစုသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သူများ ဖြစ်ကြပြီး အခြား စီးပွားရေးအဖြစ် နိုင်ငံဝန်ထမ်းများ၊ တပိုင်တနိုင်မွေးမြူရေးလုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်းများနှင့် ငါးမွေးမြူရေးလုပ်ငန်း ၊ဆံပင်ကျွတ်ရှင်းခြင်းလုပ်ငန်းများ လုပ်ကိုင်ကြ ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြသောတောင်သူများအနေဖြင့် ရာသီဥတု၊ စိုက်ပျိုးရေ ကောင်းစွာရရှိပြီးသီးနှံထွက်နှုန်းကောင်းမွန်၍ ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတု

ဖောက်ပြန်ပြီး စိုက်ပျိုးရေးမှန်ပါက သီးနှံထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတက်ပါသည်။

လက်သမား၊ ပန်းရံနှင့် အခြားကျပန်းလုပ်ငန်းလုပ်ကိုင်ကျသူများမှာလည်း စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်ကြသော တောင်သူများနှင့်ဆက်စပ်နေသောကြောင့်တောင်သူများ အကျိုးအမြတ်ရ၍ အဆင်ပြေလျှင် ၎င်းတို့လည်း အလုပ်အကိုင်များရရှိ၍ ဝင်ငွေကောင်းပြီး တောင်သူများ သီးနှံဆုံးရှုံးမှုရှိပါက အလုပ်အကိုင် ရှားပါးမှုနှင့် ရင်ဆိုင် ရတက်ပါသည်။

ဆည်ကုန်းကျေးရွာတွင် ဥစ္စာဓနအဆင့်ကို အဆင့် ၄ ဆင့်ဖြင့်ခွဲခြားထားပါသည်။ အထက်ပါ ဥစ္စာဓန အဆင့် အခြေအနေအရ ချမ်းသာသောမိသားစုမှာ ကျေးရွာအိမ်ထောင်စု၏ (၄%) ဖြင့် အနည်းဆုံး ဖြစ်သည်ကို တွေ့ရှိရပြီး အဆင်ပြေသောအလယ်အလတ် အိမ်ထောင်စု (၁၅၀) ဦးနှင့် ့အိမ်ထောင်စု ပေါင်း၏ (၅၆%) ရှိပါသည်။ မပြေလည်သောမိသားစု (၆၅)အိမ်ထောင်စု (၂၅%) နှင့်အလွန် အဆင်မပြေသော ဆင်းရဲသား မိသားစုမှာ (၄၀) ဦး (၁၅%) ဖြစ်သောကြောင့် အလည်အလတ် အိမ်ထောင်စုများမှာ အများဆုံး အရေ အတွက်ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ ဆင်းရဲသော အိမ်ထောင်စု နှင့် အလွန်ဆင်းရဲ အိမ်ထောင်စု ပေါင်းသည် ၄၀%ဖြစ်နေသောကြောင့် ကျေးရွာအိမ်ထောင်စု၏ တစ်ဝတ်လျော့လျော့ဖြစ်နေ သည်ကို လေ့လာ တွေ့ရှိရပါသည်။

၄.၈။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ(လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

ဆည်ကုန်းကျေးရွာတွင် အခြေခံအဆောက်အဦများအနေဖြင့် အုပ်ချုပ်ရေးမှူးရုံး၊ ကျေးလက် ကျန်းမာရေး ဆေးပေးခန်းနှင့် အခြေခံပညာအလယ်တန်းကျောင်းရှိပါသည်။ ကျေးရွာတွင် မီးကင်းတဲ နှင့် စာကြည့်တိုက်မရှိသေးသဖြင့် ဆောက်လုပ်ရန်လိုအပ်လျက်ရှိပါသည်။

ဆည်ကုန်းကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်ပြီးမိုးရာသီတွင် ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ ကားများလမ်းချော်ခြင်းများဖြစ်ပေါ်သောကြောင့် အဆင့်မြှင့်တင်ဖို့ရန် လိုအပ်သည်။

ဆည်ကုန်းကျေးရွာတွင် လျှပ်စစ်မီးလင်းရေးရရှိပြီး ကျေးရွာရှိအိမ်ထောင်စုများအားလုံး လျှပ်စစ်မီး သုံးစွဲ လျက်ရှိပါသည်။ ဆည်ကုန်းကျေးရွာဘေးတွင် ရေကြောင်းသယ်ယူပို့ဆောင်မှုများ မရှိပါ။အခြားသော

သယ်ယူပို့ဆောင်ရေး အနေဖြင့် စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ကား၊ နွားလှည်း များကို အသုံးပြုကြပါသည်။ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြု နိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

၄.စ။ ပညာရေး

ဆည်ကုန်းကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းသာရှိသော်လည်း ကျေးရွာမှာမိတ္ထီလာ မြို့နှင့်(၂)မိုင် ခန့်သာ ဝေးသောကြောင့် ကျေးရွာရှိ ကလေးများ ပညာရေးကို အလွယ်တကူ သင်ကြားခွင့်ရရှိကြပါသည်။ ကျောင်းသား/ ကျောင်းသူများ မှာလည်းအခြေခံပညာအဆင့်ထိ (၂၆၂)ဦးခန့် ရှိပါသည်။ လက်ရှိစာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာစတုရန်းပေ(၇၅၀) ရှိသည်။ စာသင် ကျောင်းဆောင်၏အရည်အသွေးမှာ သင့်တင့်သည့်အနေအထားရှိပြီး ကျောင်းပရိဘောဂ များ လုံလောက်မှု မရှိသေးပါ။ ကျောင်းသား/သူများ ဆိုင်ကယ်ဖြင့်သာ သွားကြပါသည်။ ကျောင်းအဆင့်သို့ အဆင့်တိုးမြှင့်၍ ကျောင်းသား/သူများ ကောင်းမွန်စွာ ပညာသင်ကြားနိုင်ရေးအတွက်စာသင်ဆောင် ထပ်မံဆောက်လုပ်ပေးခြင်း၊ သင်ထောက်ကူပစ္စည်းများထားရှိပေးခြင်း၊ ကျောင်းသား/သူများ ဘက်စုံထူးချွန်စေမည့် စီမံချက်များ လုပ်ဆောင်ပေးရန်လိုအပ်လျက်ရှိပါသည်။

ကျေးရွာ၏ စာမတတ်သူဦးရေမှာ ဇနှစ်အထက် စုစုပေါင်းလူဦးရေ၏ (၂၄%)မျှသာဖြစ်ပြီး မူလတန်း ပညာပြီးဆုံးသူမှာ (၄၆%) ဖြစ်သောကြောင့် အများဆုံးရာနှုန်းဖြစ်နေသည်ကို တွေ့ရှိရ ပါသည်။ စာတတ် မြောက်မှုနှုန်းကို ခြုံ၍ကြည့်ပါက မူလတန်းပညာ ပြီးဆုံးသူ(၄၅%)၊ အလယ်တန်းပညာ ပြီးဆုံးသူ (၁၇%)၊ အထက်တန်းပညာပြီးဆုံးသူ (၁၀%)၊ တက္ကသိုလ်ပညာ ပြီးဆုံးသူ(၄%)ဖြစ်သောကြောင့် ကျေးရွာတွင် စာတတ်မြောက်မှုနှုန်းများခြင်းနှင့် ပညာရေး စိတ်ဝင်စားသော ကျေးရွာဖြစ်ကြောင့် လေ့လာတွေ့ရှိရပါသည်။

အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ် လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

၄.ဆ။ ကျန်းမာရေး

ဆည်ကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသည်။ကျေးရွာသူ/ ကျေးရွာသားများ ၏ ကျန်းမာရေးနှင့်ပတ်သက်၍ ကူးစက်ရောဂါ ဖြစ်ပွားသူများမှာ အနည်းငယ်မျှသာရှိပြီး အများစုမှာ ကျန်းမာရေး ကောင်းမွန်ကြပါသည်။ တစ်ခါတစ်ရံ ကလေးသူငယ်များ မသန့်ရှင်းသော အစားအသောက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရာသီပေါ်တုတ်ကွေး၊ ဖျားနာဖြစ်ခြင်း၊ တို့ဖြစ်ပေါ် တက်ပါသည်။ ထိုအချိန်တွင် ကျန်းမာရေးဌာနမှ အချိန်မှီ လာရောက် ကုသမှုရှိ၍ ကျန်းမာရေးဗဟုသုတ အသိပညာပေးဟောပြောပွဲများပြုလုပ်ပေးလျက်ရှိပါသည်။သို့သော်လည်းအရေးပေါ်ကိစ္စများတွင် ကျန်းမာရေး ဝန်ဆောင်မှု အချိန်မှီ ရရှိနိုင်ရန်အတွက် ကျေးလက် ကျန်းမာရေးဌာနခွဲအား အဆင့်မြှင့်တင်ခြင်း၊ တိုက်နယ် အဆင့် တိုးမြှင့်ခြင်းတို့ ပြုလုပ်ပေးရန် လိုအပ်လျက်ရှိသည်။

သောက်ရေအတွက် အဝီစိ စက်တပ်နှင့် တုံကင်တွင်းများ ရှိသည့်အတွက် ရေအခက်အခဲမရှိပါ။ သို့သော် ရေအရည်အသွေးများ စမ်းသပ်စစ်ဆေးမှုများ မရှိသေးပါ။

ကျေးရွာအိမ်ထောင်စု အများစုမှာ ယင်လုံအိမ်သာ သုံးစွဲကြပါသည်။ စုစုပေါင်းအိမ်ထောင်စု၏ ၇%ခန့် သည် တွင်းဧလားအိမ်သာများအသုံးပြုကြသည်။ ၎င်းတို့အား ယင်လုံအိမ်သာ သုံးစွဲခြင်းဖြင့် ကျန်းမာရေး၏ အရေးကြီး ပုံများကို အသိပညာပေးခြင်း ပြုလုပ်ပေးရန် လိုအပ်ပါသည်။

၄.၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဆည်ကုန်းကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြု မှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝ ပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာတွင်တစ်ခါ တစ်ရံ အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ခြင်း၊ လေပြင်းများတိုက်ခက်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မိုးသည်း ထန်စွာ ရွာသွန်းခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။အပူချိန်မြင့်မား၍ မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေး ရှားပါးမှုနှင့် ကြုံတွေ့ရပြီး

လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မိုးသည်း ထန်စွာရွာသွန်း တို့ကြောင့် လူနေအိမ်များပျက်စီးနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများ၊ ပျက်စီးဆုံးရှုံးနိုင်ခြင်း၊ အစရှိသော ဘေးအန္တရာယ်များလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

၄.၈။ ကျား - မရေးရာ

ဆည်ကုန်းကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ် ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြား ဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင် သော ကိန်းဂဏန်းများအရ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေး မှာ အမျိုးသမီးများသည် အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

ဆည်ကုန်းကျေးရွာတွင် ကျားမမရွေး၊ လူကြီးလူငယ်မရွေး နှစ်စဉ်ဝါတွင်းကာလ၌ ဆွမ်းတော်ကြီး လှည့်ခြင်းကို သာသနာ့ အကျိုးတော်ဆောင် ဂေါပကအဖွဲ့များနှင့် ပူးပေါင်း၍ လှည့်လည်ခြင်း၊ ဝါတွင်းကာလ ဥပုသ်နေ့များ၌ ပိဏ္ဍပတ်ဆွမ်းလောင်းခြင်း၊ ကျေးရွာတွင်းသာရေးနာရေးများတွင်လည်း ကူညီဆောင် ရွက်ခြင်း၊ ကျေးရွာလုံခြုံရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် (၁၂) လရာသီပွဲတော်များတွင် ဦးဆောင်၍ ဆောင်ရွက်ကြပါသည်။ သီးပင်ကုန်း ကျေးရွာအမျိုးသမီးများမှာ ဘာသာရေးပွဲများတွင် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ခြင်း၊ နာရေးများတွင် သံဝဂ အလင်္ကာများ ရွတ်ဆိုပို့ဆောင်ခြင်းကြောင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် အမျိုးသား များနှင့် တန်းတူရင်ဘောင်တန်း၍ ပူးပေါင်း ဆောင်ရွက်ကြပါသည်။

စိုက်ပျိုးရေးတွင် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၄၀၀၀/–) ကျပ်ဖြစ်ပြီး၊ လက်သမား၊ ပန်းရန်စသော လက်မှုပညာဖြင့် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှ တစ်ရက် လုပ်အားခမှာ (၇၀၀၀/ _)ကျပ်ဖြစ်ပါသည်။စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြသော အမျိုးသမီးများ၏ တစ်ရက်လုပ်အားလပျမ်းမျှမှာ (၃၅၀၀/–)ကျပ်ရရှိပြီး အခြားဆောက်လုပ်ရေး

လုပ်ငန်းများဖြစ်သော ပန်းရံ၊ လက်သမား၊ ကျပန်းလုပ်ငန်းများတွင် အမျိုးသားပျမ်းမျှ (၇၀၀၀/ –) ကျပ်နှင့် အမျိုးသမီးပျမ်းမျှ (၅၀၀၀/ –) ကျပ်ရရှိကြသည်။ အခြားနိုင်ငံဝန်ထမ်းများတွင်အမျိုးသား၊ အမျိုးသမီး ရာထူးတူ လစာနှုန်းတူများရရှိကြ၍ အခြားအဖွဲ့အစည်းများတွင် လုပ်ကိုင်နေကြသူများ လည်းရှိပါသည်။

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စီမံချက်အမည်	ဦးစားပေးအဆင့်
ကျေးရွာရေသန့်စက်တပ်ဆင်ခြင်း	၁
ကျေးရွာကုန်ထုတ်လမ်းခင်းခြင်း	၂
ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း	၃
အ.လ.က (ခွဲ) ကျောင်း တည်ဆောက်ခြင်း	၄
ကျေးရွာအားကစားကွင်းတည်ဆောက်ခြင်း	၅

မြင်းကန်အုပ်စု၊ ဆည်ကုန်းကျေးရွာ၊ကျေးရွာဖွဲ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	ဖုန်းနံပါတ်
၁	ဦးထွန်းမြင့်	ဦးမြသောင်း	၉/မထလ(နိုင်)၀၀၈၅၁၈	ဥက္ကဋ္ဌ	၀၉-၉၈၇၈၀၀၇၉
၂	ဦးမောင်ရှိန်	ဦးမဲ	၉/မထလ(နိုင်)၁၄၂၆၉၈	အတွင်းရေးမှူး	၀၉-၂၅၆၅၆၈၇၀၁
၃	ဦးထွန်းမို	ဦးလှဆောင်		အဖွဲ့ဝင်	
၄	ဦးကြည်သောင်း	ဦးအောင်ခင်		ဘဏ္ဍာရေးမှူး	
၅	ဦးကျော်ဆွေဦး	ဦးသန်းထွန်း	၉/မထလ(နိုင်)၁၉၅၀၅၇	စာရင်းကိုင်	၀၉-၇၉၆၂၀၂၈၉၁
၆	ဦးတင်ထွန်း	ဦးတုတ်	၉/မထလ(နိုင်)၁၅၈၅၄၀	အဖွဲ့ဝင်	၀၉-၇၉၆၂၀၂၈၉၁
၇	ဦးဌေးမောင်	ဦးကုလား	၉/မထလ(နိုင်)၁၅၈၉၈၇	အဖွဲ့ဝင်	၀၉-၄၅၃၇၃၁၁၆၅၂
၈	ဦးထွန်းထွန်း	ဦးမောင်ပု	၉/မထလ(နိုင်)၁၀၆၃၈၃	အဖွဲ့ဝင်	-
၉	ဦးလှဝင်း	ဦးမောင်ကို	၉/မထလ(နိုင်)၃၇၂၀၉၆	အဖွဲ့ဝင်	၀၉-၇၆၃၃၈၉၈၇၉
၁၀	ဦးကျော်ဆွေ	ဦးသန်းအောင်	၉/မထလ(နိုင်)၁၅၈၉၄၄	အဖွဲ့ဝင်	၀၉-၇၆၈၀၅၄၃၂၄
၁၁	ဒေါ်အေးနွယ်	ဦးဂျပန်		အဖွဲ့ဝင်	၀၉-၉၈၇၈၀၀၇၉
၁၂	ဦးထွန်းမြင့်	ဦးမြသောင်း	၉/မထလ(နိုင်)၀၀၈၅၁၈	ဥက္ကဋ္ဌ	၀၉-၂၅၆၅၆၈၇၀၁

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၀	၁၁	၂၁
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၆	၂၈	၅၄
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၅၄	၄၆	၁၀၀
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၄၈	၅၃	၁၀၁
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၂၂	၄၈၂	၉၀၄
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၃၉	၃၈	၇၇
စုစုပေါင်း		၅၉၉	၆၅၈	၁၂၅၇
စုစုပေါင်း အိမ်ထောင်စု				၂၆၅

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ မိတ္ထီလာမြို့နယ် ၊ မြင်းကန် အုပ်စု၊ ဆည်ကုန်း ကျေးရွာတွင် အလုပ်လုပ်နိုင်သည့် အရွယ်သည် စုစုပေါင်းလူဦးရေ၏ ၇၂%ရှိသည်။ အလုပ်လုပ်နိုင်သည့်အရွယ်များမှာ ပြည်တွင်းပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသူများလည်းပါဝင်ပါသည်။ ကျားမဦးရေအနေဖြင့် အမျိုးသမီးအချို

အနည်းငယ်ပိုများပြီး စုစုပေါင်းလူဦးရေ၏ ၅၂%ရှိသည်။ တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေမှာ ၅ ဦးခန့် ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၂၄	၆၁၇	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၈	၂၀	၀	မြင့် ☐လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐ နိမ့် ☑
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၅	၃၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၄	သစ်တောလုပ်ငန်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အမြဲ ထောင်စု	မိသားစု ဝင် လုပ်အား		
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၃	၅	၁၃	မြင့် ☐ လတ် ☑ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၁၀	၁၄	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၁၈	မြင့် ☐ လတ် ☐ နိမ့် ☑
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အမြဲ ထောင်စု	မိသားစု ဝင် လုပ်အား		
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အောကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၇	၁၅	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၀	၁၅	၃	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၃	မြင့် ☐ လတ် ☐ နိမ့် ☑
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။မိတ္ထီလာမြို့နယ် ၊ မြင်းကန် အုပ်စု၊ ဆည်ကုန်း ကျေးရွာ၏ အဓိက အလုပ်အကိုင် မှာ လယ်ယာစိုက်ပျိုးရေး:လုပ်ငန်းဖြစ်သည်။ အိမ်ထောင်စု စုစုပေါင်း၏ ၈၇%(၂၂၄ အိမ်ထောင်စု) မှာ လယ်ယာကိုယ်ပိုင်လုပ်ကိုင်သူများ ဖြစ်သည်။ ထန်းတက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ကြသည်ကို တွေ့ရှိ ရသည်။ အရောင်းအဝယ်လုပ်ငန်းများ လည်းလုပ်ကိုင်ကြသည်။ ဆံပင်ရှင်းလုပ်ငန်း၊ ယက်ကန်း ယက်လုပ် ခြင်းလုပ်ငန်းများကိုလည်းအနည်းငယ်တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၄၅၀၀	၃၀၀၀	၃၅၀၀	၂၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၃၅၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း တွင် လုပ်ခလစာများ အနေဖြင့် လယ်ယာလုပ်ငန်းအတွက် အမြင့်ဆုံး လုပ်ခလစာမှာ တစ်ရက် ၄၅၀၀ ကျပ်မှအနည်းဆုံး ၂၅၀၀ ကျပ် အထိရှိသည်။ လယ်ယာလုပ်ငန်း လုပ်သားများမှာ ရာသီချိန်သာ အလုပ်ရှိသောကြောင့် လုပ်သားရှားပါးကြသည်။ ဆောက်လုပ်ရေး လုပ်ငန်းအတွက် အများဆုံး လုပ်ခ တစ်ရက်လျှင် ၇၀၀၀ ကျပ်အထိရှိသည်။ လုပ်ငန်းအများစုအတွက် ကျားမ လုပ်ခကွာဟချက်မှာ တစ်ရက် ၁၅၀၀/၂၀၀၀ ကျပ် ကွာဟမှုများတွေ့ရ သကဲ့သို့တန်းတူ ရရှိသည့်အခါများ ကိုလည်းတွေ့ရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)**
လယ်မြေ	၇၇.၅၅	ကောင်း ☐ သင့် ☑ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၇၉၂.၀၀	ကောင်း ☐ သင့် ☑ ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ	၄၅.၀၀	ကောင်း ☐ သင့် ☑ ညံ့ ☐
မြေလွတ် မြေလပ်	၅.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☑
စုစုပေါင်း	၉၁၉.၅၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ဆည်ကုန်းကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှုမှာ ၉၁၉.၅၅ ဧကဖြစ်ပြီး မိုးကောင်းရေသောက်လယ်ယာမြေများသာဖြစ်သည်အတွက်တစ်နှစ်ပတ်လုံးရေမရပါ။ စိုက်ပျိုးမြေအမျိုးအစား အရည်အသွေးမှာသင့်တင့်ရုံသာရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)**	**အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)**
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခ က် ☐ အသုံးမပြုနိုင်ပါ ☑
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနီးတွင်ချောင်းရှိပြီး ချောင်းသဲ၊ကျောက်စရစ်များ အနည်းငယ်ရရှိသည်။ စီးပွားဖြစ်ထုတ်ယူသုံးစွဲခြင်းမရှိပါ။ သဘာဝဆေးဘက်ဝင်ပင်များရှိသည်။ အခြား အရင်းအမြစ်များမှာ ထူးခြားမှု မရှိပေ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၀	၁၅၀	၆၅	၄၀

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ဆည်ကုန်းကျေးရွာတွင် စုစုပေါင်း အိမ်ထောင်စု၏ တစ်ဝက်ကျော် (၆၀%)မှာ အဆင်ပြေသော အိမ်ထောင်စုများနှင့် အလယ်အလတ်အိမ်ထောင်စုများဖြစ်ပြီး အိမ်ထောင်စု အများဆုံး ဖြစ်သည်။ အလွန်ဆင်းရဲသောအိမ်ထောင်စုမှာ အနည်းဆုံးဖြစ်ပြီး စုစုပေါင်းအိမ်ထောင်စု၏ ၁၅% ဖြစ်သည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် 'ခ' နှင့် 'ဂ' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကောက်ယူထားခြင်းမရှိပါ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၁	၀	၁
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၁

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၀
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၁

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ဆည်ကုန်းကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ မှာ သက်ကြီးရွယ်အို မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ကျား(၁)ဦး ရှိပြီး ရပ်ရွာမှ စောင့်ရှောက်လျက်ရှိပါသည်။ဆင်းရဲ၍ မိသားစုဦးရေများသော အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၁)စု ရှိသည်ကိုတွေ့ရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ်☐ နိမ့်☑ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့်☑ လတ်☐ နိမ့်☐ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့်☐ လတ်☐ နိမ့်☑ မရှိ ☐
၆	မုန်တိုင်း	မြင့်☐ လတ်☐ နိမ့်☑ မရှိ ☐
၇	ငလျင်	မြင့်☐ လတ်☐ နိမ့်☑ မရှိ ☐
၈	မီးဘေး	မြင့်☐ လတ်☐ နိမ့်☑ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့်☐ လတ်☐ နိမ့်☐ မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့်☐ လတ်☐ နိမ့်☐ မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်☐ လတ်☐ နိမ့်☑ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့်☐ လတ်☐ နိမ့်☐ မရှိ ☑

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၃	တီဘီရောဂါ	မြင့်☐ လတ်☐ နိမ့်☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်☐ လတ်☐ နိမ့်☐ မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့်☐ လတ်☐ နိမ့်☐ မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့်☐ လတ်☐ နိမ့်☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့်☐ လတ်☐ နိမ့်☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ ဆည်ကုန်းကျေးရွာတွင် ထိခိုက်သက်ရောက်မှုအနေဖြင့် မိုးခေါင်ခြင်းသည် အမြင့်ဆုံး ဖြစ်ပြီး တီဘီရောဂါနှင့် တိရစ္ဆာန် ကူးစက် ရောဂါ ကျရောက်မှု မရှိကြောင်း တွေ့ရှိရပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အတွက် မိုးခေါင်ခြင်း ဒဏ်ကို ပိုမိုခံစားရသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့်☐ လတ်☐ နိမ့်☐ မရှိ ☑
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့်	မြင့်☐ လတ်☐ နိမ့်☑ မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
	အိမ်ထောင်စု	
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်☐ လတ်☐ နိမ့်☑ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့်☐ လတ်☐ နိမ့်☐ မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့်☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		☐ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ဆည်ကုန်းကျေးရွာတွင် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများမရှိပါ ။အချင်းချင်းရိုင်းပင်းကူညီဖြေရှင်းပေးကြပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း	အမျိုးအစား	အဖွဲ့ဝင်ဦးရေ	လုပ်ငန်းတာဝန်	စွမ်းဆောင်နို

	အမည်	(မှန်ရာတစ်ခုကို သာ ရွေးရန်)	**ကျား**	**မ**	**ပေါင်း**	(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	**ငှ်မှ** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်အဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၁၅	၁၀	၂၅	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	အရံမီးသတ်အဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၁၀	၀	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☑ သင့် ☐ ညံ့ ☐
၃	ရေရှိရေး	၁ ☐ ၂ ☑ ၃ ☐	၅	၅	၁၀	ပညာရေး☐ ငွေကြေး ☐ ကျန်းမာရေး☑ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၄	လမ်းအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၁၀	၀	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၅	အမျိုးသမီးအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၀	၈	၈	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၆	မီးလင်းရေး	၁ ☐ ၂ ☑ ၃ ☐	၈	၀	၈	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇	မိခင်နှင့်ကလေး	၁ ☐ ၂ ☑ ၃ ☐	၀	၈	၈	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑	ကောင်း ☑ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး ☐	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ဆည်ကုန်းကျေးရွာတွင် စီးပွားရေးအခြေခံသောအုပ်စုအနေဖြင့် ပတ်မြန်မာမှ ငွေစုငွေချေး အဖွဲ့တစ်ခုရှိပြီး ငွေကြေးလုပ်ငန်း ကို လုပ်ကိုင်သောအဖွဲ့ဖြစ်သည်။ ဘာသာရေးအဖွဲ့အနေဖြင့် ဝတ်အသင်းအဖွဲ့ရှိသည်။ လူမှုရေးအဖွဲ့အနေဖြင့်မနောလုလင်အဖွဲ့ရှိပါသည်။ မီးကော်မတီ ၊ရေကော်မတီ၊ လမ်းကော်မတီ၊ ကျောင်းကော်မတီ ၊ အရံမီးသတ်အဖွဲ့ အဖွဲ့များဖွဲ့စည်းထားပါသည်။ ကျေးရွာတွင်း အဖွဲ့အစည်းများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို အားကြိုးမာန်တတ်လုပ်ကိုင်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	UNHABIT	၁ ☐ ၂ ☐ ၃ ☐ ၄ ☑ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၂	Pact Myanmar	၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ဆည်ကုန်းကျေးရွာတွင် ပြင်ပချိတ်ဆက်ထားသောအဖွဲ့အနေဖြင့် ပတ်မြန်မာ ၊UNHABIT အဖွဲ့(၂)ဖွဲ့ ရှိပြီး ငွေစုငွေချေးလုပ်ငန်း လုပ်ကိုင်သည်။ ပက်မြန်မာမှာမိခင်နှင့် ကလေး စောင့်ရှောက်ရေး နှင့် ချေးငွေလုပ်ငန်းများဆောင်ရွက်ပေးပါသည်။ UNHABIT အဖွဲ့မှလည်း ကျန်းမာရေး စောင့်ရှောက်မှုများဆောင်ရွက်ပေးပါသည်။မိတ္ထီလာမြို့နယ်တွင်ဖွံ့ဖြိုးရေးအဖွဲ့များ (CESVI, UNHABIT, Save the Children, AMDA, Action Aid) စသည့်အဖွဲ့များရှိသော်လည်း ကျေးရွာသို့ ဝင်ရောက်ခြင်း မရှိခဲ့ပါ ကျေးရွာမှလည်း ဦးဆောင်ချိတ်ဆက်ခဲ့ခြင်း မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၃	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၃၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား	၈၀	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား	၈၀	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၅၂	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၂၆၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ဆည်ကုန်း ကျေးရွာတွင် တောင်သူငယ်၊တောင်သူလတ်အိမ်ထောင်စုမှာ အများဆုံးဖြစ်ပြီး စုစုပေါင်းအိမ်ထောင်စု၏ ၆၀ %ရှိသည်။ မြေယာမဲ့ အိမ်ထောင်စုမှာ စုစုပေါင်း အိမ်ထောင်စု၏ ၉%ရှိသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၆	လက်ငင်း ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ဆည်ကုန်းကျေးရွာအုပ်စု ၊သီးပင်ကုန်း ကျေးရွာတွင် အထက်ဖော်ပြပါ အရင်းအမြစ်များ မှ စိုက်ပျိုးရေအသုံးပြုမှုမရှိဘဲ မိုးရေဖြင့်သာစိုက်ပျိုးပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)		အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ				
ပဲစင်းငုံ	၃၀	တင်း	၁၅	၁၅၀	၈၂.၅	ဇွန်	နိုဝင်ဘာ	မြင့် ☐	လတ် ☐	မြင့် ☐	လတ် ☑
								နိမ့် ☑		နိမ့် ☐	
နှမ်း	၄၀	ပိသာ	၁၅၀	၆၀၀	၃၇၅	မေ	ဇူလိုင်	မြင့် ☐	လတ် ☐	မြင့် ☐	လတ် ☐
								နိမ့် ☑		နိမ့် ☑	
ထောပတ်ပဲ	၆	တင်း	၁၅	၂၀	၁၇.၅	ဩဂုတ်	နိုဝင်ဘာ	မြင့် ☐	လတ် ☐	မြင့် ☐	လတ် ☑
								နိမ့် ☑		နိမ့် ☐	
ခရမ်းချဉ်သီး	၆	ပိသာ	၃၀	၅၀	၄၀	ဇူလိုင်	နိုဝင်ဘာ	မြင့် ☐	လတ် ☐	မြင့် ☐	လတ် ☑
								နိမ့် ☑		နိမ့် ☐	
								မြင့် ☐	လတ် ☐	မြင့် ☐	လတ် ☐
								နိမ့် ☐		နိမ့် ☐	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆည်ကုန်း ကျေးရွာ၏ အဓိကစိုက်ပျိုးသော သီးနှံမှာ နှမ်းနှင့်ပဲစိမ်းငုံဖြစ်ပြီး စိုက်ပျိုးမြေအရည်သွေးသင့်သော်လည်း သီးနှံအထွက်နှုန်းကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၀	၀	၀	၁၀၀
လက်တွန်းထွန်စက်	၃	၀	၀	၀
အစေ့ချ ကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၆	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၀	၀	၀	၀

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ဆည်ကုန်းကျေးရွာတွင် လယ်ယာသုံး စက်ကိရိယာအနေဖြင့် လက်တွန်းထွန်စက် ၃ လုံးရှိသည်။ မြေယာပြုပြင်ရန်အတွက် စက်ငှားရမ်းသုံးစွဲသူ ၁၀၀ ဦးဝန်းကျင်သာရှိသောကြောင့် တောင်သူများအားလုံးနီးပါး စက်အသုံးပြုသည်ကို တွေ့ရှိနိုင်သည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☑

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဥပမာ ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကိုရွေးရန်။)
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ ☐ မဖြေဆိုပါ ☑
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☑ ရသည် ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ ☑
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ☑
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ☑
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ဆည်ကုန်းကျေးရွာတွင် စိုက်ပျိုးရေး အခွင့်အလမ်းအနေဖြင့် ချေးငွေနှင့် ငွေကြေးဝန်ကြေးဝန်ဆောင်မှုရရှိပြီး ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓာတု ဗေဒသွင်းအား စုများရရှိသည်ကို တွေ့ရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** **(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကို ရွေးရန်။)**
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☑မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဥပမာ- ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကို ရွေးရန်။)
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ☑ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ☑ အနည်းငယ် ☐ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ဆည်ကုန်းကျေးရွာ၏ စိုက်ပျိုးရေး: စိန်ခေါ်မှုများအနေဖြင့် လယ်ယာမြေတိုးချဲ့နိုင်မှုမရှိခြင်း ၊ စိုက်ပျိုးရေးအရင်းအမြစ်မရှိခြင်း ၊ ရာသီဥတုမမှန်ခြင်း၊ လယ်ယာလုပ်သားရှားပါးခြင်း၊ ဖျက်ပိုးနှင့်ရောဂါကျရောက်မှုအနည်းငယ်တွေ့ရှိရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၂၀၈	၅၆၉
နို့စားနွား	၀	၀

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ကျွဲ	၀	၀
မြင်း	၀	၀
မြည်း	၀	၀
လား	၀	၀
ဆိတ်	၂၅	၆၀၂
သိုး	၀	၀
ဝက်	၃၀	၁၀၀
ကြက်	၁၅၀	၂၄၄၂
ဘဲ	၀	၀
နွားနောက်	၀	၀
ငါးလုပ်ငန်း		
ငါးကန်	၁၅	၄၀၀၀
ပုဇွန်ကန်	၀	၀
ဂဏန်း မွေးမြူရေးလုပ်ငန်း	၀	၀
ရေချို ငါးဖမ်းလုပ်ငန်း	၀	၀
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

